**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# ညွှန်ကြားချက်အမှတ် (၁/၂၀၂၂)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

## ရေနံနှင့်ရေနံထွက်ပစ္စည်းများအတွက် အခွန်နှုန်းထားသတ်မှတ်ခြင်း

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့် လိုင်စင်များထုတ်ပေးခြင်း၊ အခွန်အခကောက်ခံခြင်းတို့နှင့်စပ်လျဉ်း၍ တာဝန်နှင့်လုပ်ပိုင်ခွင့်အား ပြည်နယ် များရှိ EROs များ၊ တိုင်းဒေသကြီးရှိ ပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့ (ပအဖ)၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့(ပကဖ) များဆောင်ရွက်ရန် ယာယီလွှဲပြောင်းထားသည့် အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၂) ကို ထုတ်ပြန်ကြေညာ ထားပြီးဖြစ်ပါသည်။

၂။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် တော်လှန်ရေးအတွက် ဘဏ္ဍာငွေရှာဖွေပေးနိုင်ရေး ပူးပေါင်း ပါဝင်နိုင်ရန်အလို့ငှာ တော်လှန်ရေးအင်အားစုများက နယ်မြေစိုးမိုးမှုရရှိသောဒေသများတွင် မူလပေးပို့ ထားသော လိုင်စင်နှုန်းထားအတိုင်း ကောက်ခံရန်နှင့် သယ်ယူပို့ဆောင်ခြင်းအတွက် စက်သုံးဆီ ၁ ဂါလန် လျှင် အခွန်နှုန်းထား မြန်မာကျပ်ငွေ ၂၀၀၊ ရေနံစိမ်း ၁ ပီပါ (ဂါလန် ၅၀) လျှင် ကျပ် ၃၀၀၀၊ ကတ္တရာ ၁ ပီပါ လျှင် ကျပ် ၇၀၀၀ သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

၃။ အဆိုပါ အခွန်ရငွေများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန က သတ်မှတ်ထား သည့် စည်းမျဉ်းစည်းကမ်းများအတိုင်း မှတ်တမ်းပြုစုခဲ့ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ စာရင်း ပေးပို့သွားရန် ဖြစ်ပါသည်။

အမိန့်အရ

ထက်နိုင်ဦး

အတွင်းဝန်(စွမ်းအင်)